# စာရင်းသွင်းပြီး မဲ ပေးဖို့ အသင့်ပြင်ပါ



ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI

ROE47 A4 Burmese 04/2026

## ဘာကြောင့် မဲပေးဖို့ စာရင်းသွင်းရပါသလဲ။

မဲပေးရန် စာရင်းသွင်းထားလျှင် အထွေထွေ ရွေးကောက်ပွဲ၊ ဒေသန္တရ ရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများတွင် ပါဝင်ခွင့်ရပါမည်။ ရွေးကောက်ပွဲများသည် သင်အလေးထားသော ကိစ္စရပ်များအတွက် ပါလီမန် သို့မဟုတ် ဒေသဆိုင်ရာ ကောင်စီတွင် မည်သူက သင့်အား ကိုယ်စားပြုကြောင်း ပြောဆိုရန် သင့်အခွင့်အရေး ဖြစ်သည်။

**မဲပေးရန် စာရင်းသွင်းခြင်းဖြင့် သင့်အသံကို ကြားစေရန် ပြုလုပ်ပါ။**

## ဘယ်သူတွေက မဲပေးဖို့ စာရင်းသွင်းနိုင်ပါသလဲ။

အောက်ပါအချက်နှင့်ကိုက်ညီပါက သင်စာရင်းသွင်းရပါမည်–

- **အသက် 18 နှစ်နှင့်အထက်ဖြစ်သူ**
- **နယူးဇီလန် နိုင်ငံသား ဖြစ်သူ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာသတ်မှတ်ချက်များအရ နယူးဇီလန်တွင် နေထိုင်သူ၊ ထို့အပြင်**
- **သင့်ဘဝ၏ တစ်ချိန်ချိန်တွင် နယူးဇီလန်နိုင်ငံ၌ 12 လ သို့မဟုတ် ယင်းထက်ပိုပြီး ဆက်တိုက် နေထိုင်ခဲ့ဖူးသူ ဖြစ်ရမည်။**

ရွေးကောက်ပွဲဆိုင်ရာ သတ်မှတ်ချက်အရ နေထိုင်သူဆိုသည်မှာ သင်သည် နယူးဇီလန်နိုင်ငံတွင် တရားဝင်နေထိုင်နေပြီး သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း နိုင်ငံမှ ပြန်လည်ထွက်ခွာရန် မလိုအပ်သူကို ဆိုလိုပါသည်။ ၎င်းတွင် နေထိုင်ခွင့်ဗီဇာရှိသူလည်း ပါဝင်သည်။

အကယ်၍ သင်သည် ဩစတြေးလျနိုင်ငံသား၊ နယူရီယန်၊ တိုခီလူယန် သို့မဟုတ် ကွတ်ခ်ကျွန်းသားဖြစ်လျှင် နယူးဇီလန်တွင် 12 လ ဆက်တိုက် နေထိုင်ပြီးလျှင် မဲစာရင်းသွင်းနိုင်ပါသည်။

အကယ်၍ သင်သည် နိုင်ငံရပ်ခြားတွင် နေထိုင်ပြီး အောက်ပါအချက်တစ်ခုခုနှင့်ကိုက်ညီပါက မဲပေးရန် စာရင်းသွင်းနိုင်ပါသည်။

- **အသက် 18 နှစ်နှင့်အထက်ဖြစ်သူ**
- **သင့်ဘဝ၏ တစ်ချိန်ချိန်တွင် နယူးဇီလန်တွင် 12 လထက်ပိုပြီး ဆက်တိုက် နေထိုင်ခဲ့ပြီး ဖြစ်သူ၊ ထို့အပြင်**
- သင်သည် **နယူးဇီလန်နိုင်ငံသားဖြစ်ပြီး လွန်ခဲ့သော ၃ နှစ်အတွင်း နယူးဇီလန်တွင် နေထိုင်ခဲ့သူ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ သတ်မှတ်ချက်အရ နေထိုင်သူ ဖြစ်ပြီး လွန်ခဲ့သော ၁၂ လ အတွင်း နယူးဇီလန်တွင် နေထိုင်ခဲ့သူ ဖြစ်ရမည်။**

သင်သည် 17 နှစ်ပြည့်သည့်အခါ စာရင်းသွင်းရန် လျှောက်ထားနိုင်ပါသည်။

အသက် 18 နှစ် ပြည့်သောအခါတွင် သင်သည် အလိုအလျောက် စာရင်းသွင်းခံရမည်ဖြစ်ပြီး မဲပေးရန် အသင့်ဖြစ်ပါမည်။

## သင်သည် မော်ရီလူမျိုး ဖြစ်ပါက မဲပေးရန် စာရင်းသွင်းခြင်း

အကယ်၍ သင်သည် မော်ရီနွယ်ဖွားဖြစ်ပြီး ပထမဆုံးအကြိမ် စာရင်းသွင်းပါက သင်ပါဝင်လိုသည့် ရွေးကောက်ပွဲမဲစာရင်း – အထွေထွေရွေးကောက်ပွဲစာရင်း သို့မဟုတ် မော်ရီရွေးကောက်ပွဲစာရင်းကို ရွေးချယ်ပါ။

သင်၏မဲစာရင်းရွေးချယ်မှုက ဆုံးဖြတ်သည်မှာ –

- သင်မဲပေးသည့် မဲဆန္ဒနယ်
- သင်ရွေးချယ်နိုင်သည့် ကိုယ်စားလှယ်လောင်းများ။

သင် စာရင်းသွင်းပြီးသည့်အခါ ရွေးကောက်ပွဲစာရင်းကို အောက်တွင်ဖော်ပြထားသော အချက်များမှလွဲ၍ အချိန်မရွေး ပြောင်းလဲနိုင်သည်။

- အထွေထွေရွေးကောက်ပွဲမတိုင်ခင် 3 လအတွင်း သို့မဟုတ် 3 နှစ်တစ်ကြိမ်ကျင်းပသည့် ဒေသန္တရ ရွေးကောက်ပွဲများမတိုင်ခင် 3 လအတွင်း
- အကယ်၍ အပြောင်းအလဲက ပါလီမန် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနေသည့် မဲဆန္ဒနယ်ထဲသို့ သင့်အား ရွှေ့ပြောင်းပေးမည်ဆိုလျှင် ပါလီမန် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီ။

**ရွေးကောက်ပွဲစာရင်း ရွေးချယ်မှုက သင့်အတွက် မည်သို့ အဓိပ္ပာယ်ရှိသနည်း။**

အထွေထွေရွေးကောက်ပွဲတွင် အထွေထွေစာရင်းကို ရွေးချယ်ပါက အထွေထွေမဲဆန္ဒနယ်ရှိ ကိုယ်စားလှယ်လောင်းတစ်ဦးကို မဲပေးရမည်ဖြစ်သည်။ မော်ရီစာရင်းကို သင်ရွေးချယ်ပါက မော်ရီ မဲဆန္ဒနယ်တစ်ခုရှိ ကိုယ်စားလှယ်လောင်းတစ်ဦးကို သင် မဲပေးရမည်။ မည်သည့်စာရင်းတွင် သင်ရှိနေပါစေ နိုင်ငံရေးပါတီများ၏ တူညီသော စာရင်းအတွက် သင်မဲပေးရပါမည်။

သင်ရွေးချယ်သည့်စာရင်းသည် ဒေသန္တရရွေးကောက်ပွဲများတွင် သင်မည်သူ့ကို မဲပေးနိုင်သည်ဆိုသည့်အပေါ် သက်ရောက်မှုရှိနိုင်သည်။ သင်သည် မော်ရီစာရင်းတွင် ရွေးချယ်ပြီး သင်၏ ဒေသဆိုင်ရာ ကောင်စီတွင် မော်ရီ ရပ်ကွက် သို့မဟုတ် မဲဆန္ဒနယ်ရှိပါက မော်ရီ ရပ်ကွက် သို့မဟုတ် မဲဆန္ဒနယ်ရှိ ကိုယ်စားလှယ်လောင်းများကို မဲပေးရပါမည်။ အကယ်၍ အထွေထွေရွေးကောက်ပွဲစာရင်းကို ရွေးချယ်ပါက အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက် သို့မဟုတ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ်လောင်းများကို သင်မဲပေးရပါမည်။

## သင့်ကိုယ်ရေးကိုယ်တာ လုံခြုံမှုအတွက် စိုးရိမ်နေပါသလား။

အကယ်၍ သင် သို့မဟုတ် သင့်မိသားစု၏ ကိုယ်ရေးကိုယ်တာလုံခြုံရေးအတွက် စိုးရိမ်ပါက လျှို့ဝှက်ပြီး ထုတ်ဝေမထားသော စာရင်းဖြင့် လုပ်ဆောင်ရန် လျှောက်ထားနိုင်ပါသည်။ သင်၏ စာရင်းသွင်းမှု အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့ လုံခြုံအောင်ထားမည်ဖြစ်ပြီး ၎င်းတို့ကို မည်သူ့ကိုမျှ ပေးမည်မဟုတ်ပါ။ အကယ်၍ သင်သည် အများပြည်သူသို့ ထုတ်ပြန်ခြင်းမပြုသော မဲစာရင်းတွင် ပါဝင်နေပါက သင်၏ အချက်အလက်များသည် ပုံနှိပ်ထားသော မဲစာရင်းများတွင် ပါဝင်မည်မဟုတ်သလို သင်၏အချက်အလက်များကို အွန်လိုင်းမှတစ်ဆင့် စစ်ဆေးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများကိုလည်း ပြုလုပ်နိုင်မည် မဟုတ်ပါ။

သင် မဲပေးသည့်အခါတွင် အထူးမဲ တစ်ခုကို ပေးရမည်ဖြစ်ပြီး သင် မဲစာရင်းသွင်းထားသည့် မဲဆန္ဒနယ်ကို အတည်ပြုရန်အတွက် သင်၏ မဲစာရွက်နှင့်အတူ နောက်ထပ် ပုံစံစာရွက်တစ်ခုကိုပါ ဖြည့်သွင်းရမည် ဖြစ်ပါသည်။ နောက်ထပ် အချက်အလက်နှင့် လျှောက်လွှာပုံစံအတွက် **vote.nz** သို့ သွားပါ သို့မဟုတ် **0800 36 76 56** ကို ခေါ်ဆိုပါ။

## ဘယ်လို စာရင်းသွင်းရမလဲ။

သင်၏အသေးစိတ်အချက်အလက်များကို စာရင်းသွင်းရန် သို့မဟုတ် အပ်ဒိတ်လုပ်ရန် လွယ်ကူသည်။ သင်လုပ်နိုင်သည်မှာ–

- အွန်လိုင်းမှတစ်ဆင့် မဲစာရင်းသွင်းရာတွင် **vote.nz** ဝက်ဘ်ဆိုက်ကို သွားပြီး သင်၏ နယူးဇီလန် ယာဉ်မောင်းလိုင်စင်၊ နယူးဇီလန် နိုင်ငံကူး လက်မှတ် သို့မဟုတ် RealMe အတည်ပြုပြီးသား အထောက်အထားကို အသုံးပြုပြီး မဲစာရင်းသွင်းပါ
- အခမဲ့နံပါတ် **0800 36 76 56** သို့ ခေါ်ဆို၍ သင့်ထံ စာရင်းသွင်းခြင်း ပုံစံတစ်ခု ပေးပို့ခိုင်းပါ။

ဖြည့်စွက်ပြီးသည်နှင့် ဖောင်ကို လက်မှတ်ရေးထိုးပြီး ကျွန်ုပ်တို့ထံ ပြန်ပို့ပေးပါ။ စာရင်းသွင်းပြီးသောအခါ သင်၏အမည်သည် ရွေးကောက်ပွဲစာရင်းတွင် ပါသွားမည်ဖြစ်သည်။ မဲစာရင်းဆိုသည်မှာ ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်း ဖြစ်ပါသည်။ မဲပေးရန်အတွက် သင်သည် ရွေးကောက်ပွဲ မဲစာရင်းတွင် ရှိနေရမည်။

သင် အိမ်ပြောင်းတိုင်း သင့်အသေးစိတ်အချက်အလက်များကို အပ်ဒိတ်လုပ်ရန် လိုအပ်ပါသည်။

သင်၏ အီးမေးလ်လိပ်စာနှင့် မိုဘိုင်းဖုန်းနံပါတ် ကျွန်ုပ်တို့ထံ ရှိနေပါစေ။ သို့မှသာ စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းအကြောင်း သင့်အား ဆက်သွယ်နိုင်ပါမည်။

သင် ပထမဆုံးအကြိမ် စာရင်းသွင်းသောအခါ သို့မဟုတ် သင့်အချက်အလက်တစ်ခုခု ပြင်ဆင်ပြောင်းလဲသည့်အခါ သင့်အချက်အလက်များ မှန်ကန်မှုရှိမရှိ စစ်ဆေးရန် ကျွန်ုပ်တို့မှ စာတစ်စောင် သို့မဟုတ် အီးမေးလ်တစ်စောင် သင့်ထံ ပို့ပါမည်။

## စာရင်းသွင်းရန် အကူအညီလိုပါသလား။

သင့်စာရင်းသွင်းဖောင်ကို ဖြည့်စွက်ရန် သို့မဟုတ် သင့်အတွက် ဖောင်ဖြည့်ပေးရန်အတွက် သင်သိသောသူတစ်ဦး၊ ဥပမာ သူငယ်ချင်း သို့မဟုတ် မိသားစုဝင်အား အကူအညီတောင်းနိုင်ပါသည်။

ဖောင်တွင် လက်မှတ်ထိုးရန် လိုအပ်သည်။

ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့် စာရင်းသွင်းဖောင်ကို ဖြည့်စွက်ရန်နှင့် လက်မှတ်ထိုးရန် မစွမ်းဆောင်နိုင်သူတစ်ဦးကို သင်သိပါက သင်ကူညီပေးနိုင်ပါသည်။

## နောက်ထပ် အချက်အလက် လိုချင်ပါသလား။

စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းဆိုင်ရာ နောက်ထပ်အချက်အလက်များအတွက်–

- **vote.nz** ကို သွားပါ
- **0800 36 76 56** ကို ဖုန်းခေါ်ဆိုပါ

စာရင်းသွင်းခြင်း၊ မဲပေးခြင်းနှင့် ပတ်သက်သည့်အချက်အလက်များကို အခြားဘာသာစကားများအပြင် အခြားပုံစံများဖြင့် **vote.nz** တွင် ရရှိနိုင်ပါသည်။

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI